# နယူးယောက် ပြည်နယ်တွင်

## သင်၏ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုပိုင်ခွင့်များ






NEW YORK STATE | **Office of General Services**
Office of Language Access

## နယူးယောက်ပြည်နယ် ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့် ဥပဒေ

နယူးယောက်ပြည်နယ်သားများသည် ဘာသာစကားပေါင်း ၈၀၀ ကျော် ပြောဆိုကြပါသည်။ အင်္ဂလိပ်ဘာသာစကားဖြင့် မည်မျှကောင်းစွာ ဆက်သွယ်ပြောဆိုနိုင်သည်ဖြစ်စေ နယူးယောက်ပြည်နယ်သားအားလုံး အစိုးရဝန်ဆောင်မှုနှင့် အကျိုးခံစားခွင့်များကို အသုံးပြုနိုင်စေရန် ပြည်နယ်အုပ်ချုပ်ရေးမှူး Kathy Hochul က နယူးယောက်ပြည်နယ် ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့် မူဝါဒကို ဥပဒေတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ပြည်နယ်၏ ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့်ရုံး (Office of Language Access) ကို ဖွင့်လှစ်ခဲ့ပါသည်။ အထွေထွေဝန်ဆောင်မှုများရုံး (Office of General Services) အတွင်းရှိ ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့်ရုံးသည် အဆိုပါဥပဒေအောက်၌ အကျုံးဝင်သော နယူးယောက်ပြည်နယ် အေဂျင်စီများက ၎င်းကို ကျွမ်းကျင်ပိုင်နိုင်စွာ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း သေချာစေရန် တာဝန်ရှိပါသည်။

### အဆိုပါဥပဒေအောက်တွင် အများပြည်သူအား ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်များ ပံ့ပိုးပေးသော နယူးယောက်ပြည်နယ် အေဂျင်စီများသည်-

1. ဝန်ဆောင်မှုများ သို့မဟုတ် အကျိုးခံစားခွင့်များ ရယူသူများအား အမေရိကန် လက်ဟန်ပြဘာသာစကား (American Sign Language၊ ASL) အပါအဝင် ၎င်းတို့၏အခြေခံဘာသာစကားဖြင့် စကားပြန်ဝန်ဆောင်မှုများ ပေးရပါမည်။
2. ၎င်းတို့၏ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်များနှင့်ဆက်စပ်သော မရှိမဖြစ်လိုအပ်သည့်စာရွက်စာတမ်းများအား အင်္ဂလိပ်စကား ကောင်းစွာမပြောနိုင်သည့် နယူးယောက်ပြည်နယ်သားများ အသုံးအများဆုံးဖြစ်သော ဘာသာစကား ၁၂ မျိုးသို့ ဘာသာပြန်ဆိုရပါမည်။ အေဂျင်စီများသည် ၎င်းတို့၏မရှိမဖြစ်လိုအပ်သော စာရွက်စာတမ်းများကို ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့် ဥပဒေ၌ အသေးစိတ်ဖော်ပြထားသည့် သတ်မှတ်ချက်ပေါ် အခြေခံ၍ နောက်ထပ်ဘာသာစကားလေးမျိုးအထိ ဘာသာပြန်ဆိုရန်လည်း ရွေးချယ်နိုင်ပါသည်။
3. ၎င်းတို့၏အေဂျင်စီသည် ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့် ဥပဒေကို လိုက်နာကြောင်း သေချာစေရန်အတွက် ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့်ရုံးနှင့် လက်တွဲဆောင်ရွက်မည့် ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့် ညှိနှိုင်းရေးမှူး (Language Access Coordinator) တစ်ဦးကို ရွေးချယ်ရပါမည်။
4. ၎င်းတို့၏ ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့် အစီအစဉ် (Language Access Plan) ကို ၎င်းတို့အေဂျင်စီ၏ဝဘ်ဆိုက်တွင် ပို့စ်တင်၍ နှစ်နှစ်တစ်ခါ အပ်ဒိတ်လုပ်ရပါမည်။

ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့်ရုံးသည် အဆိုပါဝန်ဆောင်မှုများအကြောင်း အစီရင်ခံစာတစ်စောင်ကို နှစ်စဉ် ထုတ်ဝေပါသည်။

ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့်ရုံး၊ ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့် ဥပဒေအောက်၌ အကျုံးဝင်သော အေဂျင်စီများအကြောင်း နောက်ထပ်အချက်အလက်များ ရယူရန်နှင့် ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့် ဝန်ဆောင်မှုများ ရယူရာ၌ သင်၏အတွေ့အကြုံအကြောင်း တုံ့ပြန်ချက် ပေးပို့ရန်အတွက် **languageaccess.ny.gov** သို့ ဝင်ကြည့်ပါ။

အင်္ဂလိပ်စကား ကောင်းစွာမပြောနိုင်သည့် နယူးယောက်ပြည်နယ်သားဦးရေ ၂.၅ သန်း ရှိပါသည်။ အင်္ဂလိပ်ဘာသာစကားအပြင် နယူးယောက်၌ အသုံးအများဆုံးဖြစ်သော ဘာသာစကားတစ်ဆယ့်နှစ်ခု ရှိပါသည်-

- အာရဗီဘာသာစကား
- ဘင်္ဂါလီဘာသာစကား
- တရုတ်ဘာသာစကား (ကန်တုံဘာသာစကားနှင့် မန်ဒရင်းဘာသာစကားအပါအဝင်)
- ပြင်သစ်ဘာသာစကား
- ဟေးရှန်းခရီအိုးလ်ဘာသာစကား
- အီတလီဘာသာစကား
- ကိုရီးယားဘာသာစကား
- ပိုလန်ဘာသာစကား
- ရုရှားဘာသာစကား
- စပိန်ဘာသာစကား
- အူရဒူဘာသာစကား
- ရစ်ဒစ်ရှ်ဘာသာစကား

**"I Speak" (ကျွန်ုပ်ပြောဆိုသည့် ဘာသာစကား) ကတ် အသုံးပြုနည်း**

ဤလက်ကမ်းစာစောင်နှင့်အတူ သင်သည် "I Speak" (ကျွန်ုပ်ပြောဆိုသည့် ဘာသာစကား) ကတ်ကို ရထားသင့်ပါသည်။ သင်လိုလားသောဘာသာစကားကို ဖော်ပြရန်အတွက် ၎င်းကို အသုံးပြုနိုင်ပါသည်။ သင့်ကတ်ကို ကိုယ်နှင့်မကွာ ဆောင်ထားနိုင်ပြီး ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်များအား တောင်းဆိုသောအခါတွင် အဆိုပါကတ်ကို ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့် ဥပဒေအောက်၌ အကျုံးဝင်သည့် နယူးယောက်ပြည်နယ် အေဂျင်စီဝန်ထမ်းထံသို့ ပြသနိုင်ပါသည်။ ဤသို့အားဖြင့်အေဂျင်စီဝန်ထမ်းသည် သင့်အတွက် မှန်ကန်သော စကားပြန်ကို မည်ကဲ့သို့စီစဉ်ရမည်ကို နားလည်နိုင်မည်။ ကတ်ကို သင့်ဖုန်းသို့လည်း ဒေါင်းလုဒ်လုပ်နိုင်ပါသည်—အောက်ပါအဆင့်များကို လုပ်ဆောင်ပါ။

**ကတ်ကို သင့်ဖုန်းသို့ ဒေါင်းလုဒ်လုပ်ခြင်း-**

1. QR ကုဒ်ကို စကင်ဖတ်ပါ။
2. သင့်ဘာသာစကားကို စာရင်းမှ ရွေးချယ်ပါ။
3. ၎င်းကို သင့်ဖုန်းတွင် သိမ်းထားရန်အတွက် ညာဘက်အပေါ်ထောင့်ရှိ သင်္ကေတကို နှိပ်ပါ။
4. ၎င်းတို့၏ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်များအား ရယူရန်အတွက် ပြည်နယ်အေဂျင်စီသို့ သွားရောက်သည့်အခါတိုင်း ကတ်ကိုဖွင့်ပြီး ဝန်ထမ်းအား ပြသပါ။

**သိပြီးပြီလား...**

အမေရိကန် လက်ဟန်ပြဘာသာစကား (American Sign Language၊ ASL) သည် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါ ရှိ လူအများအပြား၏ အခြေခံဘာသာစကား ဖြစ်ပါသည်။ ASL သည် အမေရိကန်ပြည်ထောင်စုရှိ နားမကြားသူများနှင့် အကြားအာရုံချို့ယွင်းသူများ လက်ဟန်ပြဆက်သွယ်ရာ၌ အသုံးအများဆုံး လက်ဟန်ပြဘာသာစကားဖြစ်သော်လည်း ၎င်းသည် ကမ္ဘာသုံးမဟုတ်ပါ။ ဗြိတိသျှ လက်ဟန်ပြဘာသာစကား၊ ပြင်သစ် လက်ဟန်ပြဘာသာစကား သို့မဟုတ် တရုတ် လက်ဟန်ပြဘာသာစကားကဲ့သို့သော မတူညီသောဒေသများ၌ အသုံးပြုသည့် လက်ဟန်ပြဘာသာစကားမျိုးစုံ ရှိပါသည်။ လက်ဟန်ပြဘာသာစကားများ၏ တည်ဆောက်ပုံသည် စကားပြောဘာသာစကားများနှင့် သိသိသာသာကွဲပြားမှု ရှိသည်။ အင်္ဂလိပ်ဘာသာစကားကို ဒုတိယဘာသာစကားအဖြစ် လေ့လာသူများကဲ့သို့ပင် ASL အသုံးပြုသူများသည် အင်္ဂလိပ်ဘာသာစကားဖြင့် ဆက်သွယ်ပြောဆိုရန် ခက်ခဲကောင်းခက်ခဲနိုင်ပြီး ဘာသာစကားပိုင်းဆိုင်ရာ ရယူအသုံးပြုခွင့် ဥပဒေအောက်၌ အကျုံးဝင်သော နယူးယောက်ပြည်နယ် အေဂျင်စီများထံမှ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်များ ရယူသည့်အခါ၌ စကားပြန်တစ်ဦးခေါ်ယူပိုင်ခွင့် ရှိပါသည်။